**CAMBRIDGE INTERNATIONAL EXAMINATIONS**

**Joint Examination for the School Certificate and General Certificate of Education Ordinary Level**

# BURMESE (SYLLABUS Y) 3249/1

**OCTOBER/NOVEMBER SESSION 2002**

3 hours

Additional materials:
Answer paper

**TIME** 3 hours

## INSTRUCTIONS TO CANDIDATES

Write your name, Centre number and candidate number in the spaces provided on the answer paper/answer booklet.

Answer **all** questions.

Write your answers on the separate answer paper provided.

If you use more than one sheet of paper, fasten the sheets together.

## INFORMATION FOR CANDIDATES

The number of marks is given in brackets [ ] at the end of each question or part question.

**This question paper consists of 6 printed pages and 2 blank pages.**

SP (SLC/TL) S34085/1
© CIE 2002
UNIVERSITY of CAMBRIDGE
Local Examinations Syndicate

## Section A – Composition

**1** From the topics listed below, write **two** compositions in **Burmese**, each of about one page in length.

**(a)** Write a newspaper report about a local festival or cultural event you have attended.

**(b)** Write a letter introducing yourself to the manager of a company where you would like to work.

**(c)** What is your favourite book and why?

**(d)** Do you think it is more important to be rich than it is to be happy?

**(e)** Recount a conversation between two old neighbours about the changes and events that have taken place in their neighbourhood over the years.

[25 x 2]

## Section B – Translation

**2** Translate into **English**. Aim to produce a translation in natural-sounding English which conveys the sense of every word in the Burmese. The text is an extract from the short story ပြတင်းပေါက် by the writer ဂျူး.

“မင်း … ဒီနေ့ အပြင်သွားသလား၊ ပြောစမ်း”

သူမ တုန်လှုပ်စွာ မော့ကြည့်ရင်း ခေါင်းယမ်းနေသည်။ သူမ မျက်လုံးများတွင် လိမ်ညာရိပ် မရှိပါ။ သူ ဆက်တိုက် မေးခွန်းထုတ်လိုက်၏။

“ဈေးသွားသေးသလား”

“ဟင့်အင်း …”

ဒါလဲ အမှန်ပဲ။ တစ်နေ့က ဟင်းလျာများကိုသာ ယနေ့ချက်ထားသည်။

“ဒါဖြင့် အိမ်ကို ဘယ်သူလာသလဲ”

“ဘယ်သူမှ မလာဘူး။

သယ်သူမှလည်း မလာ။ ဘယ်ကိုမှလည်း မသွား။
မနက်က သူအိမ်မှ ထွက်သွားစဉ်က အကောင်းကြီး။ ယခုည ချက်ချင်း သူမ အမူအရာ ပျက်သွားသည်မှာ ဘာအကြောင်းများပါလိမ့်။ သူ အတွေးရ ကျပ်သွား၏။ သူနှင့် ပတ်သက်ခဲ့ဖူးသော၊ ပတ်သက်နေသော အမျိုးသမီးများနှင့် သက်ဆိုင်ရအောင်ကလည်း ဘာသဲလွန်စမှ သူ မထားခဲ့ပါ။

“နေ့လယ် မင်း ဘာလုပ်နေလဲ”

အသံခပ်ပြတ်ပြတ်ဖြင့် မေးတော့ သူမ ခဏ ကြောင်သွား၏။ ဒါလိမ်လည်ဖို့ အကြံထုတ်နေတာပဲ။ သူ သူမမျက်နှာကို ငံ့စိုက်ကြည့်နေလိုက်၏။ သူမ တော်တော်နှင့် မဖြေပါ။

[10]

**3** Translate into **Burmese**.

By 1952, much of the countryside was back in the government's hands, although it was still too dangerous for trains to run after dark. Passengers had to get off at sunset and were able to continue their journey only when the sun rose the next morning.

During this period, the Burma Army had to contend with Chinese troops as well. After Mao Zedong took power in 1949, anti-communist Chinese Nationalist troops fled to northern Burma. Hoping to regroup and launch counter-offensives into China, they operated in Burmese territory with the covert support of the United States military but without the Burmese government's permission. Meanwhile, the Chinese government was printing maps showing large parts of northern Burma as belonging to China. The government in Rangoon tried to use diplomacy to settle its problems with China, while also sending Burmese troops on operations to root out the Chinese Nationalists in Shan State.

In central Burma, the government set about trying to rebuild the economy and introducing development projects. Committed to the idea of a welfare state, the government initiated a mass education programme in the rural areas and made public education free. Land reform programmes redistributed some of the land which had ended up in the hands of foreigners and absentee landlords during the colonial period. Low-interest loans were issued to farmers, and money was allocated for communities to build wells, roads, schools and reading rooms.

[Text adapted from *Living Silence*, by Christina Fink, p.24 – Published 2001 by Zed Books, 7 Cynthia St, London N1 9JF.]

[20]



**[Turn over**

## Section C – Comprehension

Do **not** translate the passage below. First read it carefully and then answer the questions that follow, using **colloquial style Burmese** (e.g. ကျွန်တော်က သွားတယ် rather than ကျွန်တော်သည် သွား၏). The passage is taken from the story ပုဂံဈေး by ဇော်ဂျီ.

တစ်ရံရောအခါ ပုဂံ၌ တရုတ်ကုန်သည်အချို့နှင့် ပုဂံသားတို့သည် ရွှေစည်းခုံစေတီအနီးတွင် တွေ့ကြ၍ ပုဂံသားတို့က "နင်တို့သည် ရွှေချည်ထိုး ငွေချည်ထိုး အင်္ကျီကိုသာ ဝတ်တတ်သည်။ နွားဝန်တင်၍ ကုန်စည်ကိုသာ ရောင်းချတတ်သည်။ စားကောင်းသောက်ဖွယ်တို့ကိုသာ စားတတ်သည်" ဟု ပြက်ရယ်ပြုကြလေသည်။ ထိုအခါ တရုတ်ကုန်သည်များက ပြင်းထန်စွာရယ်၍ "နင်တို့သည် ငါတို့အား ဤသို့ဆိုသည်။ ငါတို့ကလည်း ဆိုရဦးမည်။ နင်တို့သည် ဖျင်ဝါဂွမ်းထည်ကိုသာ ဝတ်တတ်သည်။ သူများရောင်းသော ကုန်စည်ကိုသာ ဝယ်တတ်ကြသည်။ ဟင်းညှံ့ကျွေးညှံ့ကိုသာ စားတတ်သည်" ဟု ပြန်၍ဆိုလေသည်။ ထိုသို့ဆို၍ ဆိုသောသူတို့လည်း ရယ်ကြလေသည်။

ထိုအခါ ပုဂံသားတို့၏ နားရွက်မျက်နှာများ နီမြန်းလာ၍ လက်သီးလက်မောင်းတန်းကြလေသည်။ တရုတ်ကုန်သည်တို့လည်း မျက်နှာချိုသွေး၍ "နောင်တော်တို့က ပြက်ရယ်ပြုသောကြောင့် ငါတို့က အတုံ့အပြန် ပြုရုံမျှသာဖြစ်သည်။ စိတ်မရှိလင့်၊ နောင်တော်တို့သည် ငါတို့ပြည်သို့ လာရောက်ကြည့်ရှုရန် ကောင်းလှသည်" ဟု အကြည်အသာပြောဆို၍ မိမိတို့ဝန်ချစခန်းသို့ ပြန်ကြလေသည်။ ပုဂံသားတို့သည် တရုတ်ကုန်သည်တို့၏ သိမ်မွေ့ခံ့ညားသော စကားကို ကြားရသောအခါ အမျက်ပြေ၍ အသီးသီးပြန်ကြလေသည်။

ရွှေစည်းခုံစေတီအနီး၌ အချင်းများသော စကားသည် ရွှေနားတော်ပေါက်ကြားသဖြင့် နောက်တစ်နေ့နံနက် ကျိုးများ အာကြပြန်သောအခါ ပုဂံပြည့်ရှင်သည် တရုတ်ကုန်သည်မှူးကိုခေါ်၍ "အသင်တို့၏ပြည် ကြီးမားသည်ကား အရေးမဟုတ်၊ တွေးကြံမှု ရှိသည်မရှိသည်သာ အရေးဖြစ်သည်။ ပညာချင်း ဖက်ပြိုင်လို၏ တကား။ ငါ၏ အကြည်တော်ဘုရင့်ထံ ဤစာကိုအပ်လိုက်ရသည်" ဟု မိန့်၍ သဝဏ်လွှာပေးလိုက်လေသည်။

လပေါင်းအတော်ကြာသောအခါ တရုတ်ကုန်သည်တို့သည် ပုဂံသို့ တစ်ခေါက် လှည့်လာကြပြန်သည်။ ဤတစ်ခေါက်တွင် တရုတ်သံအမတ်ပါလာ၍ ပုဂံနန်းသို့ဝင်ပြီးလျှင် တရုတ်ဘုရင်၏ သဝဏ်လွှာကို ဆက်လေသည်။ အလွှာတွင် "အကြည်တော် ပညာဖက်ပြိုင်လိုသည် ကြားရသဖြင့် ဝမ်းမြောက်လှပါသည်။ "မရှိ၍၊ ရှိသူ။ ရှိ၍၊ မရှိသူ" ဟူသော ပြဿနာကို တင်ပြလိုက်သည်။ ဤပြဿနာကို ဖော်နိုင်ပါက အကြည်တော်၏ ပြည်သည် အဝန်းပင်ငယ်သော်လည်း ရဲရင့်ပေသည်ဟု ယူဆပါမည်" ဟု ပါလေသည်။

ပုဂံပြည့်ရှင်သည် သုခမိန်တို့ကိုခေါ်၍ ပြဿနာကို ပြလေသည်။ တစ်ဦးသောသုခမိန်က ပြဿနာကိုမြင်သည်နှင့် တပြိုင်နက် ပြင်းထန်စွာ ရယ်လေသည်။ ပုဂံဘုရင်လည်း ရော၍ရယ်လေသည်။ ထို့နောက်သဝဏ်လွှာကို ဖတ်ကြည့်သော သုခမိန်တိုင်း ရယ်သူချည်းသာ ဖြစ်သဖြင့် တရုတ်သံအမတ်မှာ မျက်စိမျက်နှာပျက်၍ နေလေသည်။ မေးလိုက်သောပြဿနာသည် ရယ်စရာကောင်းသော လှုပြက်ကဲ့သို့ ဖြစ်နေလေပြီ။ တရုတ်သံအမတ်သည် ဣန္ဒြေဆည်ပြီးလျှင် ပြဿနာ၏ အဖြေကို ခုနစ်ရက်အတွင်းပေးပါရန် လျှောက်၍ ပုဂံနန်းတော်မှ ထွက်ခဲ့လေသည်။

"ရယ်တော့ ရယ်ကြတာပဲ၊ အဖြေကို သိလို့လားတော့ မသိ။ ငါတို့၏ဘုရင့်စာပြန်ပွဲမှာ မေးစဉ်က ဘယ်သူမှ မှန်အောင် မဖြေနိုင်ဘူး။ သင်းတို့ ဖြေနိုင်ရင် လူတော်တွေပဲ" ဟု တရုတ်သံအမတ်သည် တွေး၍ လမ်း၌ သွားနေကြသောပုဂံသူပုဂံသားတို့အား စိမ်းစိမ်းကြည့်ကာ သံတဲသို့ ပြန်လေ၏။

Now answer the following questions in complete **Burmese** sentences.

**4** ၄။ ။ပုဂံသားတို့နဲ့ တရုတ်ကုန်သည်တို့ရဲ့ သဘောထားကို နှိုင်းယှဉ်ပြီး အကျဉ်းချုပ်သရုပ်ဖော်ပါ။ [4]

**5** ၅။ ။ပုဂံသားတို့နဲ့ တရုတ်ကုန်သည်တို့ အချင်းချင်း စကားများခြင်းရဲ့ အဓိကအကြောင်းအရာကို ဖော်ပြပါ။ [4]

**6** ၆။ ။ရွှေနားတော် ပေါက်ကြားသည် ဆိုတဲ့ အဆိုက ဘာဆိုလိုသလဲ။ ဒီလိုအဆိုမျိုး ဘာဖြစ်လို့ ဒီမှာသုံးသလဲ။ [4]

**7** ၇။ ။ပုဂံပြည့်ရှင်ရဲ့ သုခမိန်တို့က ဒီပြဿနာကို မြင်တဲ့အခါ ဘာဖြစ်လို့ ရယ်သလဲ။ တရုတ်သံအမတ်ရော ဘာကြောင့် မျက်နှာပျက်သွားသလဲ။ [4]

**8** ၈။ ။"မရှိ၍၊ ရှိသူ။ ရှိ၍၊ မရှိသူ" ဆိုတဲ့ပြဿနာကို ပျော်ရွှင်မှု၊ ချမ်းသာမှုကို အခြေခံပြီး အတိုချုပ်အဓိပ္ပါယ် ရှင်းလင်းပါ။ ဘယ်အတိုင်းအတာအထိ မှန်ကန်တယ်လို့ ထင်သလဲ။ [4]

[Total : 20]

BLANK PAGE

**BLANK PAGE**

Cambridge International Examinations has made every effort to trace copyright holders, but if we have inadvertently overlooked any we will be pleased to make the necessary arrangements at the first opportunity.